# ပူးတွဲဘတ်စ်ကားလိုင်း (Coordinated Bus Service) ပြေးဆွဲနိုင်ရေးအတွက် နားလည်မှုစာလွှာ(MoU) လက်မှတ်ရေးထိုးခြင်း

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာဘက်ခြမ်းတွင် မန္တလေးမြို့နှင့် တမူးမြို့အကြား၊ အိန္ဒိယဘက်ခြမ်းတွင် အင်ဖာမြို့နှင့် မိုရေးမြို့အကြား Coordinated Bus Service ပြေးဆွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာဘက်မှ Shwe Mandalar Express Co.,Ltd နှင့် အိန္ဒိယဘက်မှ M/s Seven Sisters Holidays တို့သည် (၁၄.၂.၂၀၂၀) ရက်၊ နံနက်(၁၀:၃၀)နာရီ၌ မန္တလေးမြို့၊ အိန္ဒိယကောင်စစ်ဝန်ရုံးတွင် နားလည်မှုစာလွှာ(MoU) လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲသို့ မြန်မာဘက်မှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်(၁)ဦး၊ ဌာနဆိုင်ရာ အရာရှိကြီးများ(၃)ဦးနှင့် အိန္ဒိယဘက်မှ ကောင်စစ်ဝန်အပါအဝင် ကိုယ်စားလှယ်(၃)ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ပူးတွဲဘတ်စ်ကားလိုင်းပြေးဆွဲပါက မြန်မာနိုင်ငံအနေဖြင့် ခရီးသွားပြည်သူများ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ်နှင့် ဆေးဝါးကုသမှုများကို အဓိကမျှော်မှန်းထားပါသည်။ ပူးတွဲဘတ်စ်ကားလိုင်းကို ဧပြီလ(၇)ရက်တွင် မန္တလေးမြို့မှလည်းကောင်း၊ ဧပြီလ(၈)ရက်တွင် အင်ဖာမြို့မှလည်းကောင်း စမ်းသပ်ပြေးဆွဲသွားမည် ဖြစ်ကြောင်းသိရှိရပါသည်။